mgyoe.com

# တက်တိုး

## ကံယုံသည်ဆိုရာဝယ်

နှင့် ဓမ္မအာဒေတွေး ဘာဝအာမြင် ဝါစုများ



တတိယအကြိမ်

mgyoe.com

mgyoe.com



ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့တွင် ကံယုံသည်၊ မယုံဟူသော
အချက်၌ ပြတ်သားစွာ ကြည်ကြည်လင်လင်မြင်နိုင်ရေးသည်
အရေးကြီးလှသော အရေးဖြစ်သည်။
ယခုအခါ စီးပွားတက်နေသော လူငယ်လူရွယ်တို့သည်
အတော်အတန် ရှိနေကြသည်။ သူတို့အထဲတွင်
ကံမယုံသူများနှင့် ကံယုံချင်သူများကို
ကံကို ယုံရ မယုံရ ဟူသော မပြတ်သားသူများ
ရှိနေကြောင်း တွေ့ရသည်။
သူတို့သည် ဉာဏ်နှင့် ဝီရိယတို့ ပြည့်စုံတန်သလောက်
ပြည့်စုံကြသည်။
လူတော်များဖြစ်သည်ဟု ဆိုနိုင်ပေသည်။
သူတို့ကို သူတို့၏ လုပ်ငန်းအောင်မြင်ခြင်းက....

TT0012
1,500.00 KS

mgyoe.com

mgyoe.com.

ကံယုံသည်ဆိုရာဝယ်နှင့် ဓမ္မအတွေးအာဝအမြင်စာစုများ။ တက်တိုး
စာမျက်နှာ ၁၁၃+ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ ပင်မြင့်မာလာစာပေ၏ ဒုတိယအကြိမ်မှု။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကံယုံသည်ဆိုရာဝယ်

## နှင့် ဓမ္မအတွေးဘာဝအမြင်စာစုများ

## တက်တိုး



တတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏အမှာ | က |
| ၁။ | မျှော်လင့်မှုနှစ်သွယ် | ၁ |
| ၂။ | ကတိ | ၇ |
| ၃။ | စရဏဖျက်အင်အားစုများ | ၁၃ |
| ၄။ | ဝင့်တရားနှင့် ဝတ္တရား | ၂၀ |
| ၅။ | ကံယုံသည်ဆိုရာဝယ်အမှတ် (၁) | ၂၆ |
| ၆။ | မုန်တိုင်းထဲမှာ ရပ်တည်မှု | ၃၂ |
| ၇။ | သာသနာတော်အတွက် တာဝန်အရေးများ | ၃၆ |
| ၈။ | ရှင်သေမင်းဘယ်မှာလဲ | ၄၀ |
| ၉။ | သည်းခံမှု | ၄၄ |
| ၁၀။ | ကံကိုယုံသည်ဆိုရာဝယ် အမှတ် (၂) | ၅၀ |
| ၁၁။ | မြတ်စွာဘုရား၏ နောက်ဆုံးစကား | ၅၆ |
| ၁၂။ | ဂုဏ်တုဂုဏ်ယောင် | ၆၁ |
| ၁၃။ | လောဘဒဏ် | ၆၆ |
| ၁၄။ | ဆိပ်ကမ်းသာ | ၇၀ |
| ၁၅။ | မမွဂုဏပူဇာ | ၇၆ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | ပုထုဇနော ဥမ္မတ္တကော | ၈၀ |
| ၁၇။ | တဒင်္ဂသံဝေဂ | ၈၅ |
| ၁၈။ | ဗုဒ္ဓ၏ ဥပမာ လင်းရောင်ဖြာ | ၉၁ |
| ၁၉။ | မသိပါဘုရား | ၉၇ |
| ၂၀။ | မေတ္တာရှေ့ထား ကရုဏာပွား အများချမ်းမြေ့စေ | ၁၀၃ |
| ၂၁။ | တငွေ့ငွေ့လောင်သော အာဃာတ | ၁၀၉ |


mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

ကျွန်တော့်မိတ်ဆွေ ကိုအေးစန်းက ဓမ္မသာလာ၊ ဓမ္မပဒေသာ မဂ္ဂဇင်းတို့၌ပါရှိသော ကျွန်တော်၏ ဓမ္မဆိုင်ရာ ဆောင်းပါးတို့ကို စုစည်းပြီးလျှင် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုကြောင်း ဆိုလာသည်တွင် ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ပါသည်။

စာမူများ ပုံနှိပ်ပြီး စာအုပ်အဖြစ်သို့ ရောက်အံ့ဆဲဆဲတွင် ကိုအေးစန်းနှင့် ကိုတင့်လွင် (တက်လူ) တို့က စာအုပ်၌ ကျွန်တော့်အမှာစာ ပါရှိစေလိုကြသည့်အလျောက် ကျွန်တော့်အား အမှာစာရေးဖို့ တောင်းပန်ကြသည်။ ကျွန်တော်က မငြင်းသာသော်လည်း လက်မခံလိုခဲ့ပါ။ ထို့ကြောင့် နှောင့်နှေးခဲ့လေရာ နောက်ဆုံး၌ အမှာစာရေးပေးရန် သဘောတူလိုက်ရသည်။

mgyoe.com

mgyoe.com



ကျွန်တော်၏ နှောင့်နှေးမှုကို ယခုလိုစာဖွဲ့သည်မှာ စင်စစ်အားဖြင့် မလိုပေ။ သို့သော် ကျွန်တော့်မှာ ဝန်ခံစရာ ရှိနေပါသည်။ ဝန်မခံလျှင် ဝန်လေးနေချေမည်။ ယင်းဝန်ခံချက်မှာ ကျွန်တော်သည် ဘာသာရေး မဂ္ဂဇင်းတို့တွင် အကြောင်းအားလျော်စွာ ဆောင်းပါးအချို့ ရေးသော်လည်း ကျွန်တော့်မှာ ဘာသာရေးစာပေ၌ တတ်ကျွမ်းမှု လုံးဝ မရှိပါ။ ရိုးသားပွင့်လင်းစွာ ဝန်ခံလိုပါသည်။ ကျွန်တော်သည် သီလယူတတ်ရုံမျှအပ၊ ဂုဏ်တော်ရွတ်တတ်ရုံမျှအပ ဂါထာ တစ်ပုဒ်တလေမျှပင် မရွတ်တတ်ပါ။

ဘာသာရေးဗဟုသုတ ရှာမှီးရာ၌ ကျွန်တော်သည် ကျမ်းကြီး ကျမ်းခိုင်တို့ အနီးပတ်ဝန်းကျင်မျှပင် မရောက်ဖူးပါ။ ကျွန်တော် ရှာမှီးဆည်းပူးပုံမှာ ကောက်ရိတ်သိမ်းပြီး နောက်မှဝင်၍ ကောက်သင်းကောက်သကဲ့သို့ ဗုဒ္ဓစာပေနှင့် ပတ်သက်၍ အားကိုးလောက်သော ဆရာတော်၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့၏ အရေးအသားတို့ကို ဖတ်ရှုမှတ်သားမှုပြုခြင်းမျှသာ ဖြစ်ပါသည်။ ကောက်သင်းကောက် ဆည်းပူးသည် ဆိုရပါသော်လည်း မြောက်မြောက်မြားမြား ရရှိသည်ဟု မဆိုနိုင်ပါ။ အချုပ်ဆိုရပါမူ ကျွန်တော်သည် ဘာသာရေးစာပေနှင့် ပတ်သက်၍ လူပြိန်းတစ်ယောက်မျှသာ ဖြစ်ပါသည်။

သို့ဖြစ်ပါလျက် ဘာသာရေးဆောင်းပါးများ ရေးနေပါသနည်း။ ဤမေးခွန်းကို ရိုကျိုးစွာ ဖြေရလျှင် 'ရေးချင်စိတ်ရှိလို့ပါ'ဟု တုံးတိတိ ဖြေရမည်သာ ဖြစ်ပါသည်။ မသိမတတ်သည့်အလျောက် လူပြိန်းဖြစ်နေကြရာ၌ "မသိလျှင်

mgyoe.com

mgyoe.com



မသိလိုက်ဘာသာနေသည့် လူပြိန်းများ ရှိသော်လည်း မသိသဖြင့် စုံစမ်းလိုသော ဆန္ဒရှိသော စူးစမ်းတတ်သော လူပြိန်း" အချို့လည်း ရှိပေသေးသည်။ ကျွန်တော်သည် ထိုလူပြိန်းမျိုး ဖြစ်ပါသည်။

ယင်းသို့သောကြောင့် ကျွန်တော်သည် ဘာသာရေးနှင့် ပတ်သက်သည့် အကြောင်းခြင်းရာတို့ကို တတ်ကျွမ်းသူတစ်ယောက်အနေဖြင့် မဟုတ်ဘဲ စုံစမ်းလေ့လာသူ တစ်ဦးအနေဖြင့် ဘာသာရေး စာစောင်အချို့တွင် ဆောင်းပါးများ ရေးလိုက်မိခြင်း ဖြစ်ကြောင်း ရှိသေလေးမြတ်စွာ ဝန်ခံစကား ဆိုပါသည်။

စုံစမ်းမှုပြုခြင်းနှင့် စပ်စုခြင်းတို့သည် တူယောင်သော်လည်း မတူပေ။ စပ်စုခြင်းသည် မိမိနှင့် မသက်ဆိုင်သော ကိစ္စတွင် ဝင်ရောက် နှောင့်ယှက်ခြင်းတစ်မျိုး ဖြစ်သည်။ စုံစမ်းခြင်းသည် စုံစမ်းသူက မိမိ မသိသည်တို့ကို သိလိုသော ဆန္ဒဖြင့် သိသူတို့ထံသို့ ချဉ်းကပ်၍ မေးမြန်း စုံစမ်းမှုပြုခြင်းပင် ဖြစ်သည်။

လောကီဘောင်သားပီပီ လောကီရေးရာတို့၌ မိမိ၏ဘဝကို အကြောင်း အားလျော်စွာ နှစ်မြှုပ်ထားခဲ့ရသော်လည်း အရွယ်မကြီးလှသေးခင်ကပင် လောကမှ ကျော်လွန်၍ လောကထက် မြင့်သော၊ မြတ်သော အကြောင်းခြင်းရာတို့ကို တတ်ကျွမ်းသူအနေဖြင့် မဟုတ်၊ တတ်ကျွမ်းသူလည်း ဖြစ်နိုင်မည် မဟုတ်သော သာမန်လူပုဂ္ဂိုလ် တစ်ယောက်က တတ်နိုင်သမျှ သိတတ်စေရန် စုံစမ်းလေ့လာ၊ လေ့လာရင်း စုံစမ်းဆိုသလို ပြုလုပ်ခဲ့သော၊ ပြုလုပ်ဆဲဖြစ်သော ကျွန်တော်သည်

mgyoe.com

mgyoe.com



ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့် အကြောင်းခြင်းရာများ၊ မိမိ အရဲစွန့်၍ တင်ပြချက်များ၊ ဆောင်းပါးများကို ရေးမိပါသည်။

သို့ပါ၍ ဗုဒ္ဓစာပေ ပါရဂူများနှင့်တကွ တတ်ကျွမ်းသူတို့က အကယ်၍များ လွဲမှားချက်တို့ကို တွေ့ရှိပါက အမှားကို ပြုပြင်၍ ဆုံးမကြစေလိုပါသည်။ စာဖတ်သူတို့ကိုလည်း တောင်းပန်လိုပါသည်။ ကျွန်တော်သည် စာဖတ်သူ အများစုနည်းတူ ဘာသာရေး၌ ရတတ်သမျှ ပညာကို ဆည်းပူးလျက်ပင် ရှိပါသည်။ ကျွန်တော်၏ ဆောင်းပါးများသည် "ပညာပေး" စာများဟု မဆိုသာပေ။ "ဆွေးနွေးမှု" စာများသာ ဖြစ်ပါသည်။ ဆွေးနွေးမှုမှရသော ပညာသည်လည်း တန်ဖိုးရှိပေသည်။

ပညာရပ် သင်ကြားခြင်းနှင့် ပညာရပ်နှင့် ပတ်သက်သည့် အကြောင်းအချက်များ၊ ပညာရှင်တို့၏ အာဘော်များကို အသီးသီးဖော်ပြ၍ အသိချင်း၊ သုံးသပ်ချက်ချင်း ဖလှယ်သော ဆွေးနွေးမှုသည် ပညာကို ကျယ်ပြန့်သော အမြင်ဖြင့် ဆည်းပူးခြင်းပင် ဖြစ်သည်။ နှီးနှောဖလှယ်မှုသည် စုံစမ်းလေ့လာကာ သာမန်ပုဂ္ဂိုလ် တစ်ယောက်အနေဖြင့် ပညာဆည်းပူးမှု၌ အရေးပါပေသည်။ သူ့အဖို့ အခြား ဆွေးနွေးသူတို့၏ ဆည်းပူးရရှိသော ဗဟုသုတများကို ရယူလိုက်သဖြင့် အချင်းချင်း ပညာအပေးအယူ ပြုမှု၏ ကောင်းကျိုးကို ရလိုက်နိုင်ပေသည်။ စုပေါင်းဆွေးနွေးခြင်းသည် ဗဟုသုတ တိုးပွားခြင်း ဖြစ်သောကြောင့် ပညာဆည်းပူးရေး၌ အတော်အတန် ဝင်ဆံ့နိုင်ပေမည်။

mgyoe.com

mgyoe.com



လေးနက်လှသော လောကုတ္တရာပညာကို အသင့် အတန်ရယူ၍ လောကီဘောင်တွင်းမှာနေရင်း လောကုတ္တရာ ရေး၌ အထိုက်အလျောက် ကြိုးပမ်းအားထုတ်ကာ ကလျာဏ ပုထုဇဉ်အဖြစ်သို့ ရောက်နိုင်ဖွယ် ရှိပေသည်။ လူ့ဘ၀ရခိုက် တွင် သံသရာအရေးလှစေရန် "ဗုဒ္ဓဘာသာ၀င်ကောင်း တစ်ယောက်"ဖြစ်လိုက်ရလျှင် ကောင်းလေစွ၊ ကောင်းလေစွ။

သို့မှသာ (ကျွန်တော်တို့အနေဖြင့်) လူဖြစ်ရကျိုးနပ် ပေလိမ့်မည်။

တက်တိုး
၁၉၉၇–ခု၊ ဇွန်လ ၂၀–ရက်၊
၁၃၅၉–ခု၊ နယုန်လပြည့်နေ့။

mgyoe.com

mgyoe.com

“

ကံဆိုတာ အလုပ်ပဲ
တကယ်လုပ်ရင် အဟုတ်ဖြစ်ရမည်
ဟူသော စကားသံများကို ယခင်ခေတ်က
မကြာခဏ ကြားရသည်။
သို့သော် “လုပ်တိုင်း မဖြစ်” ဟူသော
အချက်ကို လျစ်လျူရှု၍ မရပေ။

”

mgyoe.com

mgyoe.com

# မျှော်လင့်မှုနှစ်သွယ်

မျှော်လင့်မှုမရှိသောဘဝသည် အချည်းအနှီးတည်းဟု အဆိုရှိသည်။ မျှော်လင့်မှု၌ နှစ်မျိုးရှိ၏။ "မျှော်လင့်တောင့်တမှု"နှင့် "မျှော်လင့်စောင့်စားမှု"ဟူ၍ ခွဲခြားအပ်ပေသည်။ မဖြစ်သေးသည်၊ မရသေးသည်၊ မရောက်သေးသည်တို့ကို ဖြစ်မည်၊ ရမည်၊ ရောက်လာမည်ဟု ထင်သည့်အလျောက် အဖြစ်၊ အရ၊ အလာတို့ကို စောင့်စား၏။ ယင်းစောင့်စားရာ၌ ယုံကြည်မှုအားသည် ဝင်လျက်ရှိ၏။ ယုံကြည်မှု အားပျော့ခြင်း၊ အားရှိခြင်းတို့ကို မူတည်၍ ခွဲခြားနိုင်သည်။ "မျှော်လင့်တောင့်တမှု"၌ ယုံကြည်မှု အားပျော့သည်၊ မယုံရဲသလို ဖြစ်လာသည်မှာ ဖြစ်လာ၊ ရလာ၊ ရောက်လာမှုတို့အပေါ်တွင် မသေချာသော ပျော့ကွက်ရှိနေသည်။ (အင်္ဂလိပ်လို "မျှော်လင့်တောင့်တမှုပြုသည်"ကို Hope ဟုခေါ်ဆိုသည်။) မျှော်လင့်ရာတွင် တောင့်တမှုထက် ဖြစ်လာ၊ ရလာ၊ ရောက်လာမှုတို့အတွက် သေချာသည် သို့တည်းမဟုတ် သေချာသလောက်ဖြစ်သည် သို့တည်းမဟုတ် သေချာသည်ဟု ထင်သည်ဆိုလျှင် မျှော်လင့်စောင့်စားမှုပြုသည်။ (အင်္ဂလိပ် Expect ဟုဆိုသည်။)

mgyoe.com

mgyoe.com


မျှော်လင့်တောင့်တသည်ဟူရာ၌ ဖြစ်လာပါစေ၊ ရလာပါစေ၊ ရောက်လာပါစေ ဟူ၍ ဆုတောင်းမှု ပါဝင်သည်။ ကင်ဆာရောဂါ ကျွမ်းနေပြီဖြစ်သော လူနာကို မိတ်ဆွေက "မသေနိုင်ပါဘူး"၊ "သေမှာ မဟုတ်ပါဘူး"ဟု အားပေးစကားပြောရာတွင် ရောဂါရှင်က အားပေးသူကို မျက်လွှာလှန်ကြည့်ပြီး အင်္ဂလိပ်လို I hope so ဟု ပြောလိုက်လေသည်။ သူ့ခမျာ နေရတော့မည် မထင်သော်လည်း ကံကောင်းထောက်မ၍ သေကံမကြုံသေးသည့် အဖြစ်မျိုးကို ရောက်ပါစေဟု ဆုတောင်းသံသည် ထိုစကားလုံး သုံးလုံးထဲတွင် သဲ့သဲ့ကလေးဝင်နေလေသည်။ မျှော်လင့်ချက်မရှိမှန်း သိပါလျက်နှင့် ဘဝကို ခုံမင်ရာလွန်း၍၊ သံယောဇဉ်ကြီးလွန်း ၍ မျှော်လင့်ချက်မရှိခြင်းကို အတိုက်အခံပြုကာ တောင့်တခြင်းဖြင့် မျှော်လင့်လေတော့သည်။

လူ့ဘဝသည် ဒုက္ခတွေ ဝေဝေဆာလျက် ရှိ၏။ မဖြစ်လိုသည်တို့ ဖြစ်လာသည်။ ရလိုရာတွေ မရဖြစ်ရသည်။ ရောက်လာစေချင်သော ချစ်သောသူတို့ မရောက်လာ ဖြစ်ရသည်။ ယင်းသို့ မလိုလားရာတွေ ဖြစ်သဖြင့် စိတ်ဆင်းရဲခြင်း ဖြစ်လျက်ရှိရာ မည်းမှောင်လျက်ရှိသော တိမ်တောင်ကြီး နှုတ်ခမ်းသား၌ တောက်ပြောင်နေသော အလင်းရောင်ကို ကြည့်ပြီး ဖြေသိမ့်ရသလို ဆန္ဒမပြည့်သည့် မျှော်လင့်ချက်ကို နောက်ထပ်မျှော်လင့်ချက် တစ်ခုဖြင့် ကျနေသော စိတ်ဓာတ်ကို ဆွဲတင်ရန် ကြိုးစားကြသည်။ လူသားတို့သည် မျှော်လင့်ချက်ရှိနေမှသာ ဘဝ၌ နေသာချေသည်။

မျှော်လင့်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မျှော်လင့်ချက်ထားကြရသည်။ မျှော်လင့်ချက် မရှိမှန်းသိသည့်တိုင်အောင် ကံကို အားကိုး၍ မမျှော်လင့်ဘဲ ဖြစ်လာနိုင်ကောင်း၏ဟု သဘောထားကာ မျှော်လင့်ချက်ကို ခပ်ယိုယို့ကလေး ရင်ထဲမှာ ထားကြရသည်။ မျှော်လင့်ချက်ထား၍

mgyoe.com

mgyoe.com


မရနိုင်လောက်အောင် အခြေအနေ ဆိုးနေစေကာမူ လူတို့၏ ဖြစ်ရာဘဝကို ခံမင်၍ နီးစပ်ရာတို့အပေါ် သံယောဇဉ်ကြီးသော သဘာဝ၏ တိုက်တွန်းသောကြောင့် မရေရာသော လူ့ဘဝ၌ မျှော်လင့်ချက် ဟူသော မှုန်မှေးသော အလင်းရောင်ကလေးကို လှမ်းကြည့်ပြီး အားကိုးမှုပြုကြရသည်။ မျှော်လင့်ချက်သည် မရေရာသော ဘဝအခြေအနေကို ရေရာလေဟန်ဖြင့် ဒုက္ခတွေ စုဝေးသည့် အထဲမှာ ရေနစ်နေခိုက် မျောလာသော ကောက်ရိုးဖုတ်ကလေးသဖွယ် ဖြစ်လာတော့သည်။

"မနက်ဖြန်သည် ယနေ့ထက် ပိုကောင်းပါလိမ့်မည်" ဟူသော စကားရပ်သည် မျှော်လင့်ချက်ထားရှိခြင်းကို သရုပ်ဖော်သော စကားဖြစ်ပေသည်။ လူတို့သည် မျှော်လင့်ချက်ကို ရှေ့မှာထားပြီး လုပ်ကြကိုင်ကြရသည်။ လျော်ရင်းနစ်နိုင်သည်။ ပြေးရင်း လဲနိုင်သည်။ လုပ်ရင်းပျက်နိုင်သည်။ ခွက်ထဲမှ အရည်ကိုသောက်ရန် ပါးစပ်ထဲသို့ ရောက်အောင် လက်ဖြင့်ကိုင်၍ မရာ၌ နှုတ်ခမ်းနှင့်ခွက်တို့ကြားတွင် ချော်ကျနိုင်သော အခွင့်အလမ်းတို့သည် တစ်ထောင်ရှိ၏ ဟူသော အဆိုရှိ၏။ ယင်းအဆိုသည် သင်္ခါရဓမ္မကို ဖော်ညွှန်းသောစကား ဖြစ်ပေသည်။

ယင်းသို့သော မသေချာ၊ မရေရာသော အဖြစ်တို့ဖြင့် ပြည့်လျှမ်းနေသော ဘဝ၌ မျှော်လင့်ချက်မထားရှိလျှင် နေနိုင်ဖွယ်ရှိတော့မည်မဟုတ်ချေ။ ထို့ကြောင့် မျှော်လင့်ချက်သည် သင်္ခါရဓမ္မ၏ အပျက်တရားကို လက်ခံရမည်ဖြစ်သည့်အလျောက် ကံစီမံမှုကို လှမ်းမျှော်ရင်း အလုပ်ဆက်လုပ်နိုင်ရန် ထိန်းကျောင်းပေးသော ဆန္ဒနှောသော စိတ်ကလေးဖြစ်သည်။ လောကီရေးရာကို လောကီဘောင်သားတို့ ရှောင်လွှဲသွေဖည်၍ မရချေ။ မသေသေးမီအခိုက်တွင် လှုပ်ရှားနေရမည်သာ ဖြစ်သည်။ ထို့ကြောင့် လောကီအလုပ်ကို လုပ်ခိုက်တွင် "မပျက်စီးနိုင်သေး" ဟူသော အတွေးကို မိမိနှင့် သင်္ခါရတရားတို့ကြားတွင် ခုထားရပေမည်။ လောကုတ္တရာ

mgyoe.com

mgyoe.com


အရေးဦးမှု အရှိအတိုင်း သဘောထား၍ ကွေးသောလက်ကို မဆန့်မိဘဲ သေကျေပျက်စီးနိုင်သည် ဟူသော မှတ်ယူမှုဖြင့် ကမ္ဘာ့ဒွာန်းပွားရပေမည်။ ယင်းသို့ သဘောထားခွဲခြား၍ လောကီနှင့် လောကုတ္တရာ အလုပ်တို့ကို တွဲဖက်လုပ်ရမည်ဟူသော အဆုံးအမ ရှိပေသည်။

မျှော်လင့်ချက်နှစ်သွယ်ရှိသည် ဆိုခဲ့ပါသည်။ နှစ်သွယ်စလုံးတွင် မျှော်လင့်မှုသည် ဦးဆောင်၏။ မျှော်လင့်တောင့်တမှုသည် သခ်ါရဓမ္မကို အလေးပြုသည်။ မျှော်လင့်စောင့်စားမှုသည် သခ်ါရဓမ္မကို သိလျက်နှင့် ကောင်းသောကံ၏စီမံချက်ကို အားထား၍၊ ဖြစ်နိုင်ဖွယ်ရှိသည့် အလားအလာကို ရှေးရှု၍ ဖြစ်စေလိုရာကို ဖြစ်လာလိမ့်မည်ဟူသော အတွေးဖြင့် မျှော်လင့်မှုပြုခြင်းပင် ဖြစ်သည်။

မျှော်လင့်ချက် မထားရှိနှင့်၊ ထားရှိလျှင် မျှော်လင့်သည့်အတိုင်း မဖြစ်လာသည့်အခါ မကျေနပ်မှုဒဏ်သည် ပြင်းထန်တတ်သည်ဟူသော အဆိုရှိ၏။ ထိုအဆိုကို မကန့်ကွက်လိုပါ။ ပြုပြင်၍ ထောက်ခံလိုပါသည်။ မျှော်လင့်ချက်မထား၍ မဖြစ်နိုင်ပေ။ မျှော်လင့်ချက်ကို မျှော်လင့်ချက်အတိုင်းမထားဘဲ မျှော်လင့်သည့်အတိုင်း ဖြစ်လာနိုင်စေရန် ကြိုးပမ်းအားထုတ်ရန် လိုအပ်သည်။ မျှော်လင့်ချက်အတိုင်း ဖြစ်လာလေအောင် ဝီရိယဖြင့် လမ်းခင်းပေးရပေမည်။ ကံကိုချည်း အားမကိုးပါနှင့်၊ ဉာဏ်ဖြင့် ဆင်ခြင်၍ ကြိုတင်လုပ်ဆောင်သင့်သည်တို့ကို လုပ်ရန်၊ ဝီရိယစိုက်ထုတ်ရန် အထူးလိုအပ်၏။ ကံ၊ ဉာဏ်၊ ဝီရိယ ပေါင်းစပ်မှသာ လိုရာဖြစ်နိုင်ရန် အကြောင်းရှိပေမည်။

မျှော်လင့်ချက်မထားရဟု မဆိုချင်ပါ၊ ထားရပေမည်။ သို့သော် မျှော်လင့်ချက်ကို အကြီးအကျယ် အားမကိုးသင့်ပေ။ မျှော်မှန်းချက်ထားသင့်သည်။ သာမန်မျှော်လင့်ချက်ထားခြင်းထက် မျှော်မှန်းချက်ထားခြင်းက ပို၍ အပြုသဘော သက်ဝင်ပေသည်။ မျှော်လင့်ချက်က စိုက်ထူပေး

mgyoe.com

mgyoe.com


သော ပန်းတိုင်ရှိပါမှ ရှေ့သို့သွားရန် ခရီးလမ်းမှန်ပေလိမ့်မည်။ မျှော်မှန်းချက် သို့မဟုတ် ရည်မှန်းချက်သည် ဘဝအောင်မြင်ရေး၌ အရေးပါလှသည်။ မျှော်လင့်တမ်းတမှုမှာ နည်းမှန်၊ လမ်းမှန်ဖြင့် မျှော်လင့်စောင့်စားမှုကို ရောက်စေမှသာ မျှော်လင့်တောင့်တသည့်အတိုင်း ဖြစ်လာနိုင်ပေမည်။

မည်သို့ပင် မျှော်လင့်စေ၊ မည်သို့ပင် တမ်းတစေ၊ မည်သို့ပင် တမ်းတစောင့်စားစေ ကံ၏ စီမံချက်သည်သာ ပဓာန ဖြစ်သည်။ ကံစီမံချက်သည် တစ်ခါတစ်ရံ ထူးဆန်းလှသည်။ ကြံစည်သော်လည်း မဖြစ်၊ မကြံစည်သော်လည်း ဖြစ်၏ဆိုသော စကားသည် မှန်လှပေသည်။ ကံ၊ ကံ၏အကျိုးကို ယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ နောက်ဆုံး၌ ကံ၏အကျိုးပေးက ဆုံးဖြတ်ပေးပေသည်။ ကံ–ကံ၏ အကျိုးကို ကောင်းစွာ ယုံကြည်မှုကို ရင်ဝယ်ပိုက်၍ မျှော်လင့်တန်သမျှ မျှော်လင့်လျက် မိမိ၏ ကိုယ်ပိုင် အဖိုးတန်ပစ္စည်းဖြစ်သော ဉာဏ်နှင့် ဝီရိယတို့ကို အစွမ်းကုန်သုံး၍ အရာရာကို အောင်မြင်သည့်အခြေသို့ ရောက်ရန် ကြိုးပမ်းအားထုတ်ရမှာ လူသားတို့၏ အဓိကတာဝန်ဖြစ်ပေသည်။

အတွေးအမြင်၊ ၁၉၉၆–ခု၊ ဇန်နဝါရီလ။

❑

mgyoe.com

mgyoe.com

"

ဆိုခဲ့စေ၊ မြဲစေဟူသော
သတိပေး စကားသည်
တိုသလောက် လေးနက်သည်။
"ကတိ" ဆိုသည်မှာ
အတည်ပြုသော စကား ဖြစ်၏။
"စကားတို့၏ အချုပ်သည် ကတိ၊
တရားတို့၏ အချုပ်သည် သတိ"ဟု
ကျည်းကန်ရှင်ကြီး မေတ္တာစာတွင်
ဆိုထားသည်။

"

mgyoe.com

mgyoe.com

# ကတိ

“ဆိုခဲစေ၊ မြဲစေ”ဟူသော သတိပေးစကားသည် တိုသလောက် လေးနက်သည်။ “ကတိ”ဆိုသည်မှာ အတည်ပြုသော စကား ဖြစ်၏။ “စကားတို့၏ အချုပ်သည် ကတိ၊ တရားတို့၏ အချုပ်သည် သတိ”ဟု ကျည်းကန်ရှင်ကြီး မေတ္တာစာတွင် ဆိုထားသည်။ ပြောဆိုဆွေးနွေးသော စကားများစွာတို့၏ နောက်ဆုံး နိဂုံးချုပ်၌ ကတိဟူသော သဘောတူညီချက် ဖြစ်သည်။ ဆွေးနွေးချက်တို့သည် ထွေပြားမြောက်မြားသော စကားဟူသည် အဆိုတို့နှင့် စ၍ နောက်ဆုံး၌ အများသဘော တူညီသည့် အချက်များအတိုင်း ဆောင်ရွက်ကြမည်ဟု ကတိပြုနိုင်ကြသည်။

နိုင်ငံအချင်းချင်း ဆက်ဆံမှုများ၌ဖြစ်စေ၊ ဆွေးနွေးညှိနှိုင်းမှုများ၌ ဖြစ်စေ သဘောတူညီချက်များဖြင့် နိဂုံးချုပ်ကြသည်။ ယင်းသို့ သဘော တူညီချက်ရမှသာ ညှိနှိုင်းမှုအောင်မြင်သည်။ မအောင်မြင်ခြင်းသည် သဘောတူညီမှု မရနိုင်ဘဲ လိပ်ခဲတည်းလည်း ဖြစ်နေခြင်းကို ညွှန်းသည်။ သဘောတူညီချက်တို့သည် ရှေ့လုပ်ငန်းစဉ် အသီးသီးတို့ ချမှတ်၍ ဆောင်ရွက်ကြမည် ဟူသော ကတိပြုချက်များပင် ဖြစ်သည်။

mgyoe.com

mgyoe.com


ကတိသည် အမှန်စကားကိုလည်း ညွှန်းသည်။ မှန်ကန်မှုကိုသာ ပြုပါမည်ဟု ဆိုခြင်းသည်ပင် ကတိပြုသည်ဟူ၏။

စကားအလျှဉ်းသင့်သည့်အလျောက် အင်္ဂလိပ် ဝေါဟာရ နှစ်လုံး၏ အဓိပ္ပာယ် ဆက်စပ်မှုကို ဖော်ပြပါရစေ။ ယင်းသို့သော ဆက်စပ်မှုမျိုးသည် စိတ်ဝင်စားဖွယ် ဖြစ်သည်။ အင်္ဂလိပ်စာကို လေ့လာလိုသော ဝါသနာရှင်တို့အား သိပြီးလျှင်လည်း ထပ်မံ၍ သိစေရန်၊ မသိသေးလျှင် သိစေရန် စေတနာဖြင့် စကားချပ်တစ်ခုအဖြစ် ဖော်ပြခြင်းဖြစ်ပါသည်။ "ကတိ"သည် အင်္ဂလိပ်ဝေါဟာရ Promise နှင့် အဓိပ္ပာယ် တူသည်။ သဘောထားချင်း မညီညွတ်သေးသည့်အခါ တစ်ဖက်နှင့်တစ်ဖက် မျှတသော အပေးအယူလုပ်ခြင်းဖြင့် သဘောတူညီမှု ရနိုင်ပေသည်။ ယင်းသို့ ပြုသော ဖျန်ဖြေမှုကို အင်္ဂလိပ်လို Compromise ဟု ခေါ်သည်။ ယင်း ဝေါဟာရကို ပုဒ်လိုင်းခွဲလိုက်ပါမူ com = "အတူတကွ" "ဆုံစည်းရာ" + Promise = ကတိ။ Compromise သည် အရေးယူ ဆောင်ရွက်ပါမည် ဟူသော ပြောကြားချက် (ကတိ) နှစ်ခု ဆုံစည်းမှု ဖြစ်သည်။ အပေးအယူပြု၍ နှစ်ဖက်မျှစေရန် အပြန်အလှန် ကတိပြုရင်းဖြင့် ပဋိပက္ခမှု ပြဿနာတစ်ရပ် ပြေလည်ခြင်းကို ဆိုလိုသည်။

"မင်းမှာ သစ္စာ"၊ "လူမှာ ကတိ"ဟု အဆိုရှိသည်။ ကတိနှင့် သစ္စာတို့၌ တူညီသော အဓိပ္ပာယ်ရှိကြောင်း ဖော်ညွှန်းသည်။ ကတိပြုသည်ဟုဆိုရာ၌ အမှန်ဆောင်ရွက်ပါမည် ဟူသော သဘောတူညီချက်ကို ဖော်ပြပေသည်။ သစ္စာ ဟူသော အမှန်စကား၊ အမှန်တရား ဟူ၍ပင်။ သမုတိသစ္စာသည် အပြင်အမှန်တရား ဖြစ်သည်။ ပရမတ္ထသစ္စာသည် အတွင်းအမှန်တရား ဖြစ်သည်။ လောကီရေးရာ၌ သမုတိသစ္စာ ဟူသော အများသဘောတူ လက်ခံ၍ သစ္စာဟူ၍ ခေါ်ဝေါ်သမုတ်သည့် အမှန်တရားသည် လောကကို လွှမ်းမိုးသည်။ ထိုအမှန်တရားဖြင့်ပင် လူမှုရေး

mgyoe.com

mgyoe.com


ရာအဖြာဖြာကို ထိန်းသိမ်းစောင့်ရှောက်ပေးပေသည်။ ပရမတ္ထသစ္စာ မှာမူ သင်္ခါရလောကကို လွန်မြောက်၍ ဖောက်ပြန်ပြောင်းလဲခြင်း မရှိ၊ အမြဲ တည်နေသော အမှန်တရား ဖြစ်ပေသည်။

"သစ္စာတရားသည် အမြဲတည်နေရမည်"ဟူသော စကားရပ်၏ အဓိပ္ပာယ်သည် အမှန်တရားဟူသည် လောကဌ်ဖြစ်စေ၊ လောကုတ္တရာ ဌ်ပင် အမြဲတည်နေသည်ဟူ၍ ဖြစ်၏။ သမုတိသစ္စာသည် လောကီရေး ရာတို့၌ လိုအပ်သော ပစ္စည်း ဖြစ်သည်။ လောကဌ် အများကို အမှန် လွှမ်းရမည်။ သို့မှသာလျှင် ငြိမ်းချမ်းသာယာသော လောကဖြစ်ပေလိမ့် မည်။ အမှန်ပြုပါမည်။ ကောင်းစွာ ဆောင်ရွက်ပါမည်။ အကျိုးဖြစ်ထွန်း စေရန် ဆောင်ရွက်ပါမည် ဟူသော အဆိုတို့သည် "ကတိ"ပင် ဖြစ်၏။ ယင်းသို့ဝန်ခံမှုကို ပြုရာ၌ မှန်ကန်သော စေတနာရှိရပေမည်။ စေတနာ မမှန်ဘဲ လှည့်ဖြားလိုသော သဘောကို စကားတို့ဖြင့် သိုဝှက်ကာ ကတိကို ပေါ့တန်လွယ်ကူစွာ ပေးခြင်းသည် ကတိဟူသော အမှန်တရားကို ညွှန်းသော စကားကို အလွဲသုံးရာကျသည်။ ကတိပေးခံရသူ တစ်ဦး ဖြစ်စေ၊ အများ ဖြစ်စေတို့ကို စော်ကားရာကျသည်။ ယင်းသို့ ကတိကို လွယ်လွယ်ပေး၍ မိမိ၏ လိုအင်ကို ဖြည့်တင်းသူသည် သူယုတ် ဖြစ်ခြေသည်။ လွယ်လွယ် ပေးသော ကတိကို လွယ်လွယ်ပင် မေ့ပစ်လိုက်သော အကျင့်သည် လူ များစွာ၌ ရှိ၏။ လူလိမ်လူကောက်တို့၏အကျင့် ဖြစ်သည်။ ယင်းအကျင့် ရှိသူ၌ သိက္ခာသမာဓိ မရှိချေ။ စာရိတ္တပျက်ပြား၍ အမြင်အားဖြင့် ကြီးမြင့် စေကာမူ အလွန်အဆင့်နိမ့်သောသူ ဖြစ်သည်။ ကတိမတည်သူကို ချစ်ခင်လေးစားမှု မပြုကြချေ။ စကားကြီး စကားကျယ် သုံး၍ ခမ်းခမ်း နားနားပြုသော ကတိမျိုးကို ယုံရမှာ ခက်လှသည်။

တစ်ဖက်၌ရှိသော သစ္စာသမာဓိဖြင့် လေးနက်စွာ စဉ်းစားဆင်ခြင် ပြီးမှ ပေးသင့်ပေးအပ်သော ကတိကို ဣန္ဒြေရရပေးသော ပုဂ္ဂိုလ်သည်

mgyoe.com

mgyoe.com


မိမိပေးလိုက်သော ကတိကိုတည်စေရန် ကြိုးပမ်းဆောင်ရွက်သည်။ ကတိတည်လျက် ကတိအတိုင်း ဖြစ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်သူသည် စရဏသူရဲကောင်း ဖြစ်ပေသည်။ ကတိပေးရာ၌ လူလိမ်နှင့် လူဖြောင့် ကွာခြားချက်သည် လူလိမ်က ကတိကို လွယ်လွယ်ပေးသည်။ စကားကြီးစကားကျယ်ပြော၍ မက်လုံးပေးပြီးလျှင် ဖြစ်မြောက်စေရန် ဆောင်ရွက်ပေးပါမည် ဟူ၍ နှုတ်ဖျားမှ ဆွတ်၍ ကတိတစ်ခုမက မြောက်မြားစွာ ပေးသည်။

"စကားချပ်"တစ်ခု သွင်းလိုပါသည်။ ပြည်ထောင်စုသမ္မတ အမေရိကန်နိုင်ငံ၏ ပထမ သမ္မတ ဝါရှင်တန်က ရာထူးလက်ခံပွဲ အခမ်းအနား၌ သမ္မတအဖြစ် အမှာစကားပြောရာ သူ့မိန့်ခွန်းမှာ တစ်မိနစ်ခွဲမျှသာ ကြာလေသည်။ သူ့မိတ်ဆွေ ဂျေးလီနိုက မိန့်ခွန်း ဘာကြောင့် ဤမျှတိုရသနည်းဟု မေးလျှင် ဝါရှင်တန်က "မုသားစကား မပြောတတ်တဲ့ နိုင်ငံရေးသမားအဖို့မှာ ပြောစရာစကား များများမရှိလို့ပေါ့" ဟု ပြောလေသည်။ ထိုဖြစ်ရပ်ကလေး၌ လေးနက်သော အဓိပ္ပာယ် ပါရှိလေသည်။ မြန်မာတို့အနေဖြင့် ဆိုရလျှင် "စကားများရင် မုသားပါတတ်တယ်" ဟူ၍ပင် ဝါရှင်တန်၏အဆိုအတိုင်း စကားနည်းသော နိုင်ငံရေးသမား ဟူ၍မှတစ်ပါး အခြားမရှိ ဟူ၍ ဆိုရမည်သာ ဖြစ်သည်။ ဝါရှင်တန်၏ အဆိုကို ပြန်လည်သုံးသပ်ကြည့်လိုက်လျှင် သမ္မတသစ်၏ ရာထူးလက်ခံပွဲ၌ ပြောသော မိန့်ခွန်းသည် အပိုအလိုတွေများပြီး ကတိတွေ မြောက်မြားစွာ မပေးဘဲ ရိုးသားစွာ ပြောဆိုရမည်ဆိုလျှင် စကား တန်ရှည်စရာ မလိုပေဟု ကောက်ချက်ချရမည်သာ ဖြစ်သည်။

ကတိပေးရသည်မှာ ရိုးသားသူအဖို့ မလွယ်ပေ။ မိမိ၌ စေတနာ ထက်သန်ခြင်း ရှိစေကာမူ မိမိမျှော်မှန်းသလောက် အခြေအနေက အခွင့် မပေးလျှင် ကတိကြွေးတင်ရုံမျှသာ ရှိချေမည်။ နိုင်ငံရေးအခြေအနေ

mgyoe.com

mgyoe.com


သည်လည်း အခြားသော အခြေအနေများနည်းတူ အစဉ်ပြောင်းလဲလျက်ရှိရာ မမျှော်လင့် မခန့်မှန်းနိုင်ခဲ့သော အခြေအနေမျိုး ပေါ်ပေါက်လာပါမူ မိမိပေးထားသော ကတိအတိုင်း ဆောင်ရွက်မပေးနိုင် ဖြစ်ခြေမည်။ ထိုသို့သော အရင်းခံအကြောင်းတရားကို ရှေးရှုသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ကတိကို အရမ်းပေးနိုင်မည် မဟုတ်ပေ။ ကတိသည် ကျေးဇူးကဲ့သို့ပင် အကြွေးတင်သည်။ ကတိကြွေးကို မဆပ်နိုင်လျှင် မိမိအဖို့ သိက္ခာကျနိုင်ဖွယ် ရှိသည်။ ပေးမိသော ကတိကို အစွမ်းကုန် ဖြစ်မြောက်စေရန် ကြိုးစားရမည်ဖြစ်ရာ မျှော်မှန်းသည်ထက် ပို၍ ခက်ခဲနက်နဲနေပါမူ မိမိမှာ စကားအဖတ်တင်ရုံသာ ရှိချေမည်။

နိုင်ငံရေးသမားသည် ရိုးသားမှု အပြည့်ရှိမှသာ ကတိတစ်ခုကို လွယ်လွယ်ဖြင့် မပေးသင့်ပေ။ သို့သော် နိုင်ငံရေးသမား အများစုမှာ ကတိတွေ ဝေဆာပါမှ အတိုက်အခံကို အနိုင်ရနိုင်ဖွယ်ရှိသဖြင့် ပေး၍ ချည်းသာ နေရသောကြောင့် တကယ်တမ်း တွေးကြည့်လျှင် သနားစရာပင်။ နိုင်ငံရေးသမားနှင့် နိုင်ငံခေါင်းဆောင်တို့သည် ကွဲပြားခြားနား၏။ နိုင်ငံခေါင်းဆောင်သည် ရာထူးကို အလိုမရှိဘဲ နိုင်ငံနှင့် ပြည်သူတို့ ကောင်းစားမှုကိုသာ လိုလားသည့်အလျောက် ကတိတွေ မဝေဆာဘဲ နေမည်သာ ဖြစ်ပေသည်။

အတွေးအမြင်၊ ၁၉၉၆–ခု၊ မေလ။

❑

mgyoe.com

mgyoe.com

“

နိုင်ငံခြားမှလာသော
အယူအဆ၊
အလေ့အကျင့်များ၏
ပယောဂကြောင့်
သန့်ရှင်းသော
ကျွန်တော်တို့၏ စရဏ တရား၌
အမည်းကွက်ကလေးများ
ပေါ်၍ ပေါ်၍ လာချေပြီ။

”

mgyoe.com

mgyoe.com

## စရဏဖျက် အင်အားစုများ

သရုပ်ပျက် ရုပ်ရှင်ဗီဒီယို၊ သရုပ်ပျက်တေးဂီတ၊ သရုပ်ပျက် ဝတ်စားဆင်ယင်မှု စသည်ဖြင့် ဆိုကြသည်။ စာပေရေးရာနှင့် ပတ်သက်လျှင် "စရဏဖျက်စာပေ"ဟု ခေါ်ဆိုသင့်သည်ဟု ထင်မိပါသည်။ သိကြသည့်အတိုင်းပင် စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် တစ်သီးပုဂ္ဂလနှင့် သက်ဆိုင်သည်။ အများနှင့်သက်ဆိုင်လျှင် စရဏဟူသော ပါဠိဝေါဟာရကို သုံးသင့်သည်ဟု အဆိုပြုလိုပါသည်။ ဟိုတစ်ခါက ကျွန်တော်သည် "ကာရိုက်ခ်တာ" (Character) နှင့် မောရဲလစ်တီ (Morality) ထိုနှစ်လုံးသော ဝေါဟာရကို မြန်မာပြန်ရန် ရှာဖွေရာ ပထမ ဝေါဟာရအတွက် "စာရိတ္တ" ကို ဘဝင်ကျပါသည်။ ဒုတိယစကားအတွက် ရှာခဲ့ရာ အတော်ကြန့်ကြာခဲ့ပါသည်။ ယင်းသို့ ရှာမတွေ့ခြင်းသည် ကျွန်တော်၏ အပြစ်မျှသာ ဖြစ်ပါသည်။ ကျွန်တော့်မှာ ဘာသာဗေဒဗဟုသုတ မပြည့်စုံချက်ကြောင့် ဖြစ်ချေသည်။ "စရဏ" ဟူသော ပါဠိဝေါဟာရကို တွေ့မှ ဘဝင်ကျသွားပါတော့သည်။ မြန်မာဝေါဟာရစစ်စစ်ကိုမူ ရှာ၍မရပါ။ ရမည်လည်း မထင်ပါ။ အသစ်ပုံစံသွင်းယူနိုင်မှသာ ရပေလိမ့်မည်။

mgyoe.com

mgyoe.com


ကျွန်တော်သည် "သရုပ်ပျက်"နှင့် ခွဲခြား၍ စိတ်ဓာတ်အယူအဆ ခံယူချက်တို့နှင့် သက်ဆိုင်သော စာရိတ္တတရားကို ထိခိုက်စေသည့် (အထူးသဖြင့် စာပေအရေးအသားတို့ကို "စရဏဖျက်"ဟူသော နာမဝိသေသန တပ်၍ ခေါ်ချင်ပါသည်။)

ကျွန်တော်တို့ စာပေတွင် အစဉ်အလာအရ ဖိုမ ဆက်ဆံရေးနှင့် ပတ်သက်သည့် အကြောင်းခြင်းရာကို ဖော်ပြရာ၌ သိမ်မွေ့ဖို့ လိုပါသည်။ အရှိအရှိအတိုင်း ပြောင်ပြောင်တင်းတင်း ဖော်ပြခြင်းသည် အရှက်အကြောက် ဟူသော ဟီရိသြတ္တပ္ပတရားကို ဖျက်ဆီးရာကျသည်။ အရှက်အကြောက် ကင်းမဲ့လျှင် ပုဂ္ဂိုလ်အနေဖြင့် စာရိတ္တ ဟူသော ကိုယ်ကျင့်တရား ပျက်ပြားသည်။ ယင်းစိတ်ထားသဘောမျိုး ပျံ့နှံ့လျှင် လူအများ၏ စာရိတ္တပျက်ပြားကာ ယေဘုယျအခြေအနေ၌ စရဏ ဟူသော တရားပျက်ပြားချေမည်ပင်။

အရှက်အကြောက်သည် မဝံ့ရဲခြင်းကို ညွှန်းသည်ထက် အကျင့်သိက္ခာကို စောင့်ထိန်းခြင်းကို ပဓာနပြုသည်။ အကျင့်သိက္ခာစောင့်ထိန်းမှုသည် လူတို့အား တိရစ္ဆာန်တို့နှင့် ခွဲခြားပေးသော အမှုဖြစ်၏။ အရှက်အကြောက်သည် မကောင်းမှုအားလုံးကို တားဆီးပေးသော တရားဖြစ်၏။ မကောင်းမှုအားလုံးတွင် ရာဇဝတ်မှုများကို နိုင်ငံတော်၌ ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေတို့က တားမြစ်ပေးသည်။ ရာဇဝတ်မှုများအတွက် ပြဋ္ဌာန်းထားသော ဥပဒေများ၏ အပြင်အပ၌ ပြုကျင့်သော အကုသိုလ်မှုများ ရှိပေသည်။ ထိုအကုသိုလ်မှုတို့သည် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သောကြောင့် စာရိတ္တကောင်းမွန်ရေးကို ပညာပေး၍ စောင့်ကြပ်ပေးရသည်။ ရာဇဝတ်မှုနှင့် အကုသိုလ်တို့သည် မကောင်းမှုများ ဖြစ်သော်လည်း စီရင်ရာ၌ ကွဲပြားခြားနားလျက် ရှိသည်။ ရာဇဝတ်မှုတို့ကို ဥပဒေများက အရေးယူနိုင်သော်လည်း ဥပဒေပြင်ပရှိ မကောင်းမှု

mgyoe.com

mgyoe.com


တို့ကို တားမြစ်နိုင်ရန် ဟီရိသြတ္တပ္ပတရားကို လူတို့၌ စွဲမြဲစေရန် လူမမည် အရွယ်မှစ၍ တစ်သက်ပတ်လုံး ပညာပေးမှု ပြုနေရမည်သာ ဖြစ်ပေသည်။

ယင်းသို့ ပညာပေး၍ စိတ်ထားသဘောထားကို ပြုပြင်၍ ဟီရိသြတ္တပ္ပ (အရှက်နှင့်အကြောက်) တရားကို လူတို့အား စွဲမြဲစေနိုင်မှသာ လူသည် လူနှင့် တူပေလိမ့်မည်။ သို့မဟုတ်မူ လူ့တိရစ္ဆာန်များ ဖြစ်ကုန်ကြချေမည်။ ထိုပညာပေးရေးကို ယဉ်ကျေးသူတို့က မိမိတို့၏ သားသမီးများကို ငယ်စဉ်မှစ၍ သင်ကြားပေးကြရသည်။ မိမိတို့ကိုယ်တိုင်လည်း စံပြအနေဖြင့် စောင့်စည်းထိန်းသိမ်းခြင်းဖြင့် ထိုအရှက်အကြောက်တရားကို သင်ကြားပေးကြရ၏။ အရှက်အကြောက်ဟုဆိုရာ၌ သာမန် အဓိပ္ပာယ်ကို ဆောင်သည့် ဝေါဟာရများကို အထူးအထွေ မဆိုလိုပါ။ အကုသိုလ်ပြုရမှာ ရှက်သည်၊ ကြောက်သည် ဆိုသော အဓိပ္ပာယ်ဆောင်သည့် ဟီရိသြတ္တပ္ပတရားကိုသာ ဆိုလိုသည်။ ထိုအမှုအကျင့်ကို သင်ကြားပေးမှ တတ်ပေလိမ့်မည်။ ဘယ်သို့သော အမှုအကျင့်တို့သည် ရှက်ဖွယ် ဖြစ်သည်၊ ကြောက်ဖွယ်ဖြစ်သည်ဟု ခွဲခြား သိနားလည်ရန် သင်ကြားပေးရန် လိုအပ်သည်။

သာမန်ရှက်တတ်ကြောက်တတ်သူသည် အကုသိုလ်ပြုရမှာ ရှက်သည်၊ ကြောက်သည်ဟု ဆိုရန်မလွယ်ပေ။ သူ့စိတ်က မလုံသဖြင့် ရှက်တတ်ကြောက်တတ်ခြင်းမျှသာ ဖြစ်ချေမည်။ လူတောထဲမှာ စကားပြောရမှာ ကြောက်သည်၊ လူမြင်မှာ ရှက်သည် ဆိုသော အဖြစ်မျိုးသည် သာမန် အရှက်အကြောက်ကိစ္စများမှသာ ဖြစ်သည်။ အချို့လူငယ်များသည် မိမိကိုယ်ကို အယုံအကြည်နည်း၍ လူရှေ့သူရှေ့တွင် ပြောသင့်ရာကို ပြောရမှာ ကြောက်သည်။ အချို့ကိစ္စများတွင် လုပ်ရမှာ ရှက်သည်။ ယင်းအရှက်အကြောက်မျိုးသည် စရဏတရားနှင့် မသက်ဆိုင်ပေ။ စိတ်ရောဂါများနှင့် သက်ဆိုင်သည်။ စိတ်ရောဂါကုပညာဖြင့် ကုသရန်

mgyoe.com

mgyoe.com

လိုအပ်ကောင်း လိုအပ်ပေမည်။ ထိုသာမန် အရှက်အကြောက်ကိုလည်း ပြုပြင်ပေးရန် လိုအပ်ပေလိမ့်မည်။ အမျိုးသမီးလေးများ ရှက်တတ်သည် ဆိုခြင်း၏ အဓိပ္ပာယ်မှာ စိတ်အားညံ့၍ စိတ်မလုံသောကြောင့်ဖြစ်သည့် ဖြစ်ရပ်ပင် ဖြစ်၏။

အကုသိုလ်သည် မကောင်းမှု ဖြစ်သည်။ ဒုစရိုက်သည် မကောင်းသော အကျင့် ဖြစ်သည်။ ယင်းတို့ကို ပြုလုပ်ရမှာ ရှက်သည်၊ ကြောက်သည်။ ရှက်ရမည်၊ ကြောက်ရမည် ဟူသည့် ပညာပေးခြင်းမျိုးကို စရဏ တရားအကြောင်း သဘောပေါက်အောင် ဥပမာများ၊ သာဓကများ၊ သွန်သင်မှုများ၊ ညွှန်ကြားမှုများ စသည့် သင်ကြားနည်းများဖြင့် ဟောပြောသင်ပြ ပေးရန် အထူးလိုအပ်သည်။ ယနေ့ယခုတွင် ရှေးကထက်ပို၍ အရေးကြီး လာချေပြီ။

မြန်မာတို့တွင် ခေတ်ပညာတတ်အချို့နှင့် ယခုခေတ်သူငယ်များ သည် တိုင်းခြားဒေသများမှ ဝင်လာသော စရဏအဖျက် အင်အားစုများ ၏ ပယောဂကြောင့် ရှက်အပ်၊ ကြောက်အပ်သည်တို့ကို ရှက်စရာ၊ ကြောက်စရာဟု မမှတ်ယူတော့။ ပြောင်ပြောင်တင်းတင်း ပြောချင်၊ ပြုချင် လာကြချေပြီ။ နိုင်ငံခြားမှလာသော သရုပ်ပျက် ရုပ်ရှင်ဗီဒီယိုများ၊ စာတမ်း စာစုများတွင် အထူးသဖြင့် ဖိုမကိစ္စနှင့်ပတ်သက်၍ အရှက်ကင်းမဲ့စေရန် တိုက်တွန်းနှိုးဆော်သော အရေးအသား၊ အပြအသများသည် အထူး သဖြင့် လူငယ်များ၏ စိတ်ဓာတ်ကို ပျက်ပြားစေသည်။ ညစ်ညမ်းသော စာအုပ်များသည် ကမ္ဘာအရပ်ရပ်၌ အသီးသီး ရှိကြသည်။ ကျွန်တော် သိရသလောက်မှာ ပါရစ်မြို့သည် ညစ်ညမ်းစာအုပ်များ အလွန်ပေါသော ဌာန ဖြစ်၏။ ဂျပန်၊ အမေရိကန်တို့တွင်လည်း မနည်းလှချေ။ စည်း အလွန် စောင့်လေ့ရှိသော အင်္ဂလန်မှာပင် ယခု အတော်များလာလေပြီ။

သူတို့ဆီက အညီအဟောက်ဝတ္ထုများ၊ စာတမ်းများတွင် ဖိုမ ဆက်ဆံမှုကို ခရေစေ့တွင်းကျ ဖော်ပြထားသည်။ အမေရိကန်ဝတ္ထုများ

mgyoe.com

mgyoe.com


စွာတွင် ထိုအခန်းမျိုးသည် ဝတ္ထုတိုင်းမှာ ပါရှိသည်။ အရှက်ဟူ၍ လုံးဝ မရှိချေ။ အမျိုးသမီး ဝတ္ထုစာရေးဆရာမတို့၏ လက်ရာသည် ပို၍ ပြောင်မြောက်ချေသည်။။ ထိုအကြောင်းအချက်သည် အင်္ဂလိပ်စာ ဖတ်လေ့ရှိသူများကောင်းစွာ သိကြသည်။ တစ်ခါက ကျွန်တော်သည် နိုင်ငံခြားသား စာရေးဆရာ တစ်ယောက်နှင့် ကြုံသဖြင့် ထိုအကြောင်း ပြောကြည့်မိသည်။ သူက ထိုကိစ္စသည် သူသူငါငါ လုပ်နေသော ကိစ္စ ဖြစ်သည်။ ဖုံးကွယ်ထားရန် မလိုပေ။ သဘာဝတရားမျှသာ ဖြစ်ပေသည်။ အရှိကို အရှိအတိုင်း ဖော်ပြခြင်းဖြစ်သဖြင့် အပြစ်ဆိုစရာမလိုဟု ဆိုလေသည်။

ယခု ထိုအယူအဆတို့သည် ကျွန်တော်တို့ လူငယ်တချို့အပေါ် အခိုးရိုက်လာချေပြီ။ အညှီအဟောက်နံ့ မသိမသာ သင်းလာချေပြီ။ အချို့သော ကျွန်တော်တို့ ဝတ္ထုများတွင် သွေးတိုးစမ်းသည့် သဘောဖြင့် အငွေ့သန်းလာသည်။ စစ်ရှေးခေတ်က အညှီအဟောက် အငွေ့အသက်ကလေး ပါလာလျှင် အစိုးရက အရေးယူသည်။ စာရေးဆရာနှင့် ထုတ်ဝေသူကို ဒဏ်ရိုက်သည်။ တစ်ခုတော့ ဝမ်းသာစရာ ရှိပါသည်။ ယခုအခါ၌မူ ထိုအဖြစ်အပျက်မျိုးကို စာပေသမားများကချည်း မဟုတ်၊ စာဖတ်သူအများက အပြစ်ဆိုလာကြသည်။ ထိုကိစ္စမျိုးနှင့် ပတ်သက်၍ အင်္ဂလန်မှာ ဖြစ်ခဲ့ဖူးသည့် ဖြစ်ရပ်လေး တစ်ခုကို ဖော်ပြလိုပါသည်။

နှစ်အတော်ကြာပါပြီ။ အင်္ဂလိပ်ဝတ္ထု စာရေးဆရာ "ဒီအိပ်ချ်–လောရဲန့်စ်"ရေးသော လေဒီချက်တားလီ၏ ချစ်သူ (Lady chatterley's Lover) ဝတ္ထုကို ဖိုမဆက်ဆံမှုများကို ဖော်ပြထားသော အခန်းများ ပါသည့်အတွက် အရေးယူသည်။ ရိုက်ပြီး စာအုပ်များကို အစိုးရက သိမ်းလိုက်သည်။ ဟိုက်ကုတ် တရားသူကြီးက ထိုစာအုပ်ကို ပိတ်လိုက်ပြီး ထုတ်ဝေသူကို ဒဏ်ရိုက်သည်။ စာအုပ်များ သိမ်း၍ သိုလှောင်ထားရာတွင် စာအုပ်တစ်အုပ် ပျောက်နေသည်။ လုံခြုံစွာ သိမ်းဆည်းထားပါ

mgyoe.com

mgyoe.com

လျက်နှင့် စာအုပ်တစ်အုပ် ပျောက်သွားခြင်းသည် ထူးဆန်း၏။ သို့သော် ခိုးယူသူကို ရှာမတွေ့သဖြင့် အမှုကို ပိတ်လိုက်ပြီးလျှင် အမိန့်အရ တာဝန်ရှိ အရာရှိများရှေ့တွင် မီးရှို့ဖျက်ဆီးလိုက်သည်။ ပျောက်နေသော စာအုပ်သည် ပဟေဠိ ဖြစ်လျက်ပင်။ နောက် အတန်ကြာလတ်သော် ထိုအမှုကို စစ်ဆေးသည့် တရားသူကြီး ကွယ်လွန်ရာ သားသမီးများအတွက် အမွေခွဲဝေရန် သူ့ပိုင်ပစ္စည်းများကို စိစစ်စာရင်းယူရာတွင် သူ့၏ များလှစွာသော စာအုပ်တွေကြားတွင် ပျောက်သွားသော စာအုပ်ကို တွေ့ကြရလေသည်။

ထိုအဖြစ်အပျက်ကလေး၏ သင်ခန်းစာမှာ ထိုအညှီအဟောက်မျိုးကို လူရှေ့သူရှေ့တွင် ရှုတ်ချသူကလည်း ခိုးဖတ်တတ်သည် ဟူ၍ပင်။

စာအုပ်အကြောင်းပြီးလျှင် ဗီဒီယို အခွေများစွာ၌ နိုင်ငံခြားဇာတ်လမ်းများ အခွေတို့တွင် ဖိုမဆက်ဆံမှုကို ပြောင်ပြောင်တင်းတင်း သရုပ်ဆောင်ထားသည့် (ပြုလုပ်ပြသည့်) အခန်းများ ပါရှိသည်။ ထိုအခွေများ ဖြန့်ချိမှုကို နိုင်ငံတော်က ဥပဒေအရ တားမြစ်ထားသော်လည်း ပျံ့နှံ့လျက် ရှိ၏။ ထိုအကြောင်းကိုလည်း အများသိကြပေသည်။ ကမ္ဘာကုန်ကျယ်သရွေ့မှာ အရမ်းပျံ့နှံ့နေသော အညှီအဟောက်နံ့တို့သည် အနောက်ယမ်း လေတိုက်ရာတွင် ကျွန်တော်တို့ဆီသို့ လာလျက်ရှိလေပြီ။ အနောက်တိုင်းသား အများကပေးသော ဆင်ခြေအတိုင်း "ဒီကိစ္စတွေဟာ သဘာဝပဲ။ ဖုံးကွယ်ထားလို့ကော ရမှာလား" ဟူသော စကားကို ကျွန်တော်တို့လူငယ်တွေ ရင်ဝယ်ပိုက်ကုန်ကြမှာ စိုးရိမ်ရပေသည်။

ထိုပြင်ပ အဖျက်အင်အားစုများမှအပ ကျွန်တော်တို့ကြားတွင် တဖြည်းဖြည်း ပျံ့လျက်ရှိသော အရမ်းလွတ်လပ်မှုကြောင့် ကြားရသည့် ဖြစ်ပျက်ကလေးများမှာ တာဝန်သိတတ်သူများအဖို့ ရင်လေးစရာဟု ဆိုရပေမည်သာပင်။

"လွတ်လပ်စွာချစ်ခွင့်" ဟူသော အခွင့်အရေးကို အသုံးပြုကာ အိမ်ထောင်ရှင် အချို့သည် လင်ရော မယားပါ အသီးသီး ဖောက်ပြားကြ

mgyoe.com

mgyoe.com


သည်။ ထိုသို့ ဖောက်ပြားခြင်းသည် အပြစ်မဟုတ်ဟု သဘောထားကြသည်။ ယောကျ်ားက မယားငယ် ယူသည့် အမှုသည် ခေတ်တိုင်း၌ ရှိသည်။ "ယောကျ်ားကောင်း မောင်းမတစ်ထောင်" ဟူသော အရပ်စကားပြောရုံမျှသာ ရှိသည်။ ကြီးကျယ်သော အပြစ်ဟု မမှတ်ကြချေ။ "ကျွေးနိုင်ရင် ယူပါစေပေါ့" ဟူသော စကားကို ကြားရသည်။ မိန်းမဘက်မှ ဖောက်ပြားလျှင် အပြစ်ကြီး ဖြစ်လေတော့သည်။ လင်ငယ်နေသည့် မိန်းမကို အားလုံးက အပြစ်ဆိုကြသည်။ အထူးသဖြင့် မိန်းမတွေက ပို၍ လင်ငယ်နေသည်မှာ အချို့အဖို့ အထူးအထွေ မဟုတ်သလိုပင်။ သူ့ယောကျ်ား၏ သဘောထားသာလျှင် ပဓာန ဖြစ်သည်။ အခြားလူများက "သူတို့ဇာတ် သူခင်းတာပဲ" ဟူသော သဘောထားမျိုး မရှိလှတော့ချေ။

လူငယ်များတွင်လည်း ချစ်သည်ဆိုသည်မှာ ကစားနည်းတစ်မျိုးဟု မှတ်ထင်သူတွေ ရှိလာသည်။ ရှေးက "ခုမြင် ခုကြိုက် ခုယူ ခုကွဲ" ဟူသော လုပ်ရပ်ကို လူအများက ကဲ့ရဲ့၍မဆုံးနိုင် ဖြစ်ခဲ့လေသည်။ ယခုမှာမူ ထိုလုပ်ရပ်မျိုးကို အပြစ်ပြောသူ ရှားလာလေပြီ။ ပြုံးပြီး ဆိတ်ဆိတ်နေကြသည်သာ များလေသည်။

နိုင်ငံခြားမှလာသော အယူအဆ အလေ့အကျင့်များ၏ ပယောဂကြောင့် သန့်ရှင်းသော ကျွန်တော်တို့၏ စရဏတရား၌ အမည်းကွက်ကလေးများ ပေါ်၍ ပေါ်၍ လာချေပြီ။

အတွေးအမြင်၊ ၁၉၉၅–ခု၊ အောက်တိုဘာလ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ။

❑

mgyoe.com

mgyoe.com

# ဝင့်တရားနှင့် ဝတ္တရား

အသံထွက်တူသော စကားလုံးနှစ်လုံး။ အဓိပ္ပာယ်တော့ ကွဲပြားသည်။ "ဝင့်" နှင့် "ဝတ်" ထိုနှစ်လုံးသည် လူ့လောကၡ မကင်းနိုင်သော အဖြစ်နှစ်ရပ်ကို ဖော်ညွှန်းသည်။

ပုဂ္ဂိုလ်တစ်ယောက်ကို သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက တာဝန်အရ မကြာခဏ စစ်ဆေးမေးမြန်းသည်။ ဖြေရသူကလည်း မေးတိုင်းဖြေရသည်။ ကြာတော့ ငြီးငွေ့လာသည်။ အမေးတွေ ထပ်နေသည်။ အဖြေတွေ ထပ်တူဖြစ်၊ မဖြစ် စိစစ်လိုသောကြောင့်ပင်။ မေးသူကလည်း အားနာလာသည်။ အမေးခံရသူအား နဂိုက ရိုသေလေးစားမှု ရှိသည်။ ထို့ကြောင့် သူက အမေးခံရသော ပုဂ္ဂိုလ်အား "ကျွန်တော့်မှာ ဝတ္တရားရှိလို့ပါ ခင်ဗျာ" ဟုဆို၏။ အမေးခံရသည့် ပုဂ္ဂိုလ်က ပြုံး၍ ပြန်ပြောသည်။ "ခင်ဗျားမှာ ဝတ္တရားရှိသလို ကျွန်တော့်မှာလည်း ဝင့်တရားရှိနေပါတယ်"

စစ်ဆေးသူက ငေးကြည့်နေသဖြင့် ထိုပုဂ္ဂိုလ်က ပြောပြသည်။ "ခင်ဗျားရဲ့ ဝတ္တရားမှာ ဝတ်က တဝမ်းပူသတ်၊ ကျွန်တော့်ရှိတဲ့ ဝတ္တရား

mgyoe.com

mgyoe.com


က ငွေသံလျှင်းချိတ်သတ်"ယင်းသို့ သံတူကြောင်းကွဲ ဝေါဟာရကလေး နှစ်လုံးကို ရှင်းပြလိုက်သောအခါ မေးသူက ပြုံးမယောင်ပြုကာ ငြိမ်နေလိုက်သည်။

ကျွန်တော်က ထိုဖြစ်ရပ်လေးကို ကြားသိရသောအခါ အသံတူသော်လည်း အဓိပ္ပာယ်ခြင်းမှာ ကွာခြားရုံမက ကန့်ကွက်ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်တော့်စိတ်သန္တာန်၌ အတွေးတစ်ခု ဝင်လာလေတော့သည်။ အသံတူခြင်းမှအပ အခြားအပေါ်ယံ အသွင်အပြင်ခြင်း တူသော်လည်း အဓိပ္ပာယ်နှင့် ရသတို့မှာ ကန့်ကွက်ဖြစ်နေတတ်သည့် အခြင်းအရာကို တွေးမိသည်။

'ဝတ်' နှင့် 'ဝဋ်' တို့အကြောင်းကို စိစစ်ကြည့်မိပါသည်။ 'ဝတ်' သည် 'ဝတ္တ' ဟူသော ပါဠိဝေါဟာရမှ သက်ဆင်းလာသည်။ 'အမြဲပြုလေ့ရှိသော ဆောင်ရွက်မှု' 'ကျင့်ဝတ်' 'ဝတ္တရား'။

'ဝတ်ပြုသည်'၊ 'ဆွမ်းဝတ်'၊ 'မိဘတို့ဝတ္တရား'၊ 'သားသမီးတို့ဝတ္တရား'၊ 'ဝတ်ကြီးဝတ်ငယ်ပြုသည်'၊ 'ဝတ္တရား'၊ 'ကျေပွန်သည်' စသည်ဖြင့်။

'ဝဋ်'သည် 'ဝဋ္ဋ'ပါဠိဝေါဟာရမှ သက်ဆင်းလာသော ဝေါဟာရ။ ဝဋ်သုံးပါး။ ဝိပါကဝဋ်၊ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ 'ဝိပါက'သည် 'အကျိုး' 'ဝိပါကဝဋ်'သည် 'ရှေးဘဝများမှာ သူတစ်ပါးအား မိမိပြုခဲ့သည့်အတိုင်း ယခုဘဝတွင်ခံရသော အကျိုးတရား၊ ဝိပါက အန္တရာယ်သည် ကြောက်ဖွယ် ဖြစ်သည်။

ယခုမြန်မာတို့ပြောနေကြသည်မှာ 'ဝဋ်လိုက်တယ်' 'ရှေးကဝဋ်ကြွေးပေးနေရတယ်' 'ရှေးကဝဋ်ကြွေးကြောင့် အခု ဒုက္ခခံနေရတယ်' စသည်ဖြင့် ဖြစ်သည်။ ထိုစကားတို့သည် မှန်၏။ သို့သော် ဝဋ်ခံနေခိုက်တွင် ဝီရိယဖြင့် မကောင်းသော အခြေအနေကို ကောင်းနိုင်သမျှ ကောင်းအောင် ကြိုးပမ်းကြရပေမည်။ စိတ်ဓာတ်ကျနေလျှင် အခြေအနေသည်

mgyoe.com

mgyoe.com


မဆိုးသင့်ဘဲ ဆိုးရွားသွားရန်သာ ရှိတော့သည်။ ရှေးကံကြောင့် ဝဋ်ခံရသည်ကို ခါးစည်းခံလျက်မှာပင် အခြေအနေ ကောင်းနိုင်သမျှ အတိုင်းအတာ ကောင်းစေရန် အားသွန်ခွန်စိုက် လုပ်ဆောင်ကြပေမည်။

ကံ–ကံ၏အကျိုးကို ယုံကြည်သူသည် "ကံပဲ၊ ဘယ်တတ်နိုင်မှာလဲ"ဟု ဘယ်သောအခါမျှ မဆိုပေ။ ဝဋ်ခံရသည့်အခိုက်တွင် စိတ်ဓာတ်ကျပြီး လိမ့်ခံနေပါမူ အကြောင်းအလှည့်သင့်၍ ဝဋ်ကြွေးကုန်သွားသည့်အခါ ခံခဲ့ရသည်တို့ကို ကာမိအောင် ကာမိသည်ထက် ပို၍ ဖြစ်ထွန်းလာစေရန် ကြိုးစားမှု အရှိန်မပြတ်စေရန် စိတ်ဓာတ်ကို အမြဲမြင့်တင်နေကြရန် လိုအပ်ပေသည်။ ဝီရိယ၏အကျိုးကို သိကြပါသည်။ သို့သော် ဝီရိယစိုက်ထုတ်ရန် ဝန်လေးကြသည်က များချေသည်။ သက်သာလို၊ အချောင်လိုက်လိုသော ဆန္ဒသည် ပုထုဇဉ် သာမန်တို့၌ ရှိမြဲဖြစ်၏။ သို့သော် ထူးခြားသော ပုထုဇဉ်တို့သည် အားမာန် မလျှော့ရန် အစဉ်ကြိုးစားသည်။ လူ၏တန်ဖိုးသည် စိတ်ဓာတ်အပေါ်၌ အဓိက တည်သည်။

လူသားတို့၏ သမိုင်းစဉ်ကို လေ့လာလျှင် ဝဋ်ခံရသည့်အခါ စိတ်အားလျှော့၍ ငုံ့ခံသူတွေ ပေါလှသည်။ အချို့က မိမိအား နှိပ်စက်သူတို့၏ ခြေကိုဖက်၍ ဝဋ်ခံရ သက်သာစေရန် မျက်နှာချိုသွေးသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဂျာမနီနိုင်ငံ၌ ဝဋ်ခံကြရသူတို့ထဲမှာ အချင်းချင်း သစ္စာဖောက်၍ ရန်သူ့ထံတွင် တစ်ပါးကျွန် လုပ်ကြသည်။ ဝဋ်ခံရသူအများကို ထိုသစ္စာဖောက် တစ်ပါးကျွန်တို့က ပုဆိန်ရိုး လက်ကိုင်တုတ်အဖြစ် အသုံးတော်ခံကြလေသည်။ အင်္ဂလိပ်နယ်ချဲ့ခေတ်တွင် အလိုတော်ရိတွေ ပေါလှချေသည်။

အာဖရိကနိုင်ငံတွင် နယ်ချဲ့တို့က တိုင်းရင်းသားတို့၏ တိုးတက်ဖွံ့ဖြိုးမှု အားနည်းသည်ကို အခွင့်သာယူ၍ နယ်မြေများကို သိမ်းပိုက်၍ တိုင်းရင်းသားတို့ကို နည်းအမျိုးမျိုးဖြင့် နှိမ်၍ ကျွန်လုပ်ကြသည်။

mgyoe.com

mgyoe.com


သို့သော် တိုင်းရင်းသားတို့ထဲမှ ဇာတိမာန် ထက်သန်၍ စိတ်ဓာတ် ခိုင်ကျည်လျက် ပညာရည်ချွန်သူအချို့သည် ခေါင်းဆောင်၍ တော်လှန် ခဲ့ကြရာ နောက်ဆုံး၌ တိုင်းရင်းသားတို့အဖို့ လွတ်လပ်မှုများ ရလာလေ သည်။ အသားမည်း တိုင်းရင်းသားတို့ကို မျက်နှာဖြူ ပဝတ္တိများ၏ အနှိမ် ဆက်လက်မခံရတော့ပေ။ ယင်းအဖြစ်သည် ကံ–ကံ၏ အကျိုး ကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ မှန်လည်း မှန်သည်ဟု ဆိုရပေမည်။ ကံအကျိုးပေးဖြစ်စေရန် ကိုယ်ကျိုးမငဲ့ဘဲ နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး အကျဉ်း ခံ၍ စိတ်ဓာတ်ကြံ့ခိုင်ရန် အနစ်နာခံ၍ ကြိုးပမ်းခဲ့သော ခေါင်းဆောင်ကြီး မင်ဒဲလားနှင့် အပေါင်းအဖော်တို့၏ ကျေးဇူးကြောင့်ပင်။

မြန်မာနိုင်ငံမှာလည်း နှစ်တစ်ရာကျော် နယ်ချဲ့တို့၏ ကျွန်ဘဝမှ လွတ်မြောက်လာခြင်းသည် ဝဋ်ကြွေးကုန်သွားသည်ဟူ၍ ဆိုအပ်သော ကံ၏ အကျိုးပေးကြောင့်နှင့် ရှေးခေတ်မျိုးချစ်ခေါင်းဆောင်ကြီးများမှ စ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် နယ်ချဲ့ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင်များ ၏ ကျေးဇူးတို့ကြောင့် ဖြစ်သည်။

ဝဋ်နှင့်ပတ်သက်၍ လူမျိုးတစ်မျိုးလုံး စုပေါင်းပေးဆပ်ကြရသော ဝဋ်ကြွေးအပြင် ပုဂ္ဂလိကအနေဖြင့် ပေးဆပ်ရသော ဝဋ်ကြွေးတို့သည် အမျိုးမျိုး ရှိ၏။ ဝဋ်သည် သံသရာ၌ ရှိနေသော ကံ၏ အကျိုးတရားပင် ဖြစ်ရာ ဝဋ်ခံနေကြရသောအဖြစ်ကို တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်နေကြ သည်မှာ လူတိုင်းပင် ဖြစ်၏။ တစ်ပါးသူ၏ အမိန့်ကို နာခံသူ၊ ခိုင်းသမျှ လုပ်ရသောကျွန် စသည့် ပုဂ္ဂိုလ်များ၏ ဝဋ်၊ အကြောင်းတစ်ခုကြောင့် ဖြစ်စေ၊ မိမိပြစ်မှုကြောင့်ဖြစ်စေ မင်းအားမင်းဒဏ်ခံရသောဝဋ်၊ သူတစ်ပါး ၏ ပယောဂမပါဘဲ မိမိ၏ ကံအကျိုးပေးကြောင့်ခံရသော ရောဂါဝေဒနာ နှိပ်စက်မှုကြောင့်ခံရသောဝဋ် စသည်ဖြင့် ဝဋ်အမျိုးမျိုးတို့ကို ခံစားကြရ သည်။ ဝဋ်ကြွေးမကုန်သရွေ့ ခံကြရမည်သာ ဖြစ်သည်။ အကုသိုလ်ကံ

mgyoe.com

mgyoe.com


အကျိုးပေးမှုသည်လည်း တစ်ချိန်သောအခါတွင် ကုန်ဆုံးရသည်။ ထိုအခါ ဝဋ်ကျွတ်သွားလေသည်။ ကံဆိုးလွန်း၍ အသက်ဆုံးသည်အထိ ခံရသော ဝဋ်ကြွေးသည်လည်း အသက်ဆုံးသည့်အခါ ကျွတ်သွားလေသည်။

နှိပ်စက်သူနှင့် နှိပ်စက်ခံရသူတို့လည်း သံသရာ ဓမ္မအောက်၌သာ ရှိသောကြောင့် အချိန်တန်လျှင် ပြောင်းလဲကာ နှိပ်စက်သူတို့ ဘေးဆိုက်၍ နှိပ်စက်ခံရသူတို့ ဘေးလွတ်ကင်းသွားသည်သာပင်။ လူသားတို့၏ အကျင့်သည် သူတစ်ပါး လူအများအပေါ် ဖိစီးလိုသော ဆန္ဒဖြစ်တတ်သည်။ ဖိစီးခံရသူတို့ကလည်း မခံနိုင်သည့်အခါ တော်လှန်တတ်သည်။ ပုထုဇဉ်လူသားတို့၌ တူဖြစ်လျှင်နှံ၊ ပေဖြစ်လျှင် ခံရသည်။ တူရော ပေပါ ထိုပစ္စည်းနှစ်ခုတို့သည် သံထည်များဖြစ်သဖြင့် အသွင်နှင့်သတ္တိ ပြောင်းတတ်၏။ ထိုနည်းတူ လောကဓံတရား ပန်းပဲသမားသည် တူသားကို ပေလုပ်၍ ပေသားကို တူလုပ်တတ်၏။ ထိုအခါ တစ်ပြန်တစ်လှည့် ခံစားကြရသည်။ ကျွန်တော်တို့သည် ကံ–ကံ၏အကျိုးကို ယုံကြည်သူများဖြစ်သည့်အလျောက် ခံသည့်အခါ ခံ၊ ထုသည့်အခါထု ဟူသော လောကဓံတရားအတိုင်း 'ဝဋ်တရား'ကို ခံနိုင်ရည်ရှိကြသူသည် အနမတဂ္ဂ (အဆုံးအစ မရှိသော) သံသရာကြီးမှ မလွတ်ကျွတ်နိုင်သေးသမျှ ဝဋ်အမျိုးမျိုး ကြုံတွေ့၍ ဝဋ်ကြွေး ဆပ်ကြရသည်မှာ မလွဲသာ မရှောင်သာဟု ယုံကြည်ကြသည်။ ဘုရား၊ ရဟန္တာများပင်လျှင် မရှောင်မလွှဲနိုင်သော ဝဋ်တရားသည် သံသရာခရီးသည်တို့၏ အဖော်တစ်ဦးပင် ဖြစ်သဖြင့် မပစ်ပယ်နိုင်သည့်အလျောက် အလူးအလဲ ခံကြရပေတော့မည်။ ဝဋ်တရားကို ခံရသည်မှာ သတ္တဝါတို့၏ ဝတ္တရားတစ်ရပ်ပင် ဖြစ်သည်ဟု ဆိုရပေမည်။

အတွေးအမြင်၊ ၁၉၉၅–ခု၊ ဩဂုတ်၊ စက်တင်ဘာလ။

❑

mgyoe.com

mgyoe.com

“

တကယ်လုပ်ရင် အဟုတ်ဖြစ်ရမည်
ဟူသည့်၏ သဘောထားကို
ထားရှိကြသည်။ အပြစ်မဆိုသာပေ။
ယင်းသို့ တွန်းအားပေးမှုကို
လက်ခံမှသာ လုပ်အားကောင်း ပေလိမ့်မည်။
အောင်မြင်ခြင်းရသည်ထက် ရပေမည်။

”

mgyoe.com

mgyoe.com

# ကံယုံသည်ဆိုရာဝယ် အမှတ် (၁)

'ကံယုံသည်'၊ 'ကံမယုံ'-ဟူသော စကားပြောကြသည်။ ယင်းစကားသည် မပြည့်စုံချေ။ "ကံ-ကံ၏ အကျိုး" ကို ယုံ၊ မယုံ ဟူ၍သာ ဖြစ်ရပေမည်။ ကံဆိုသည်မှာ ကမ္မ၊ ကမ္မသည် အလုပ်။ အလုပ်ကို ယုံကြည်သည်ထက် အလုပ်၏အကျိုးကို ယုံကြည်သည်ဆိုမှသာလျှင် အဓိပ္ပာယ်ပြည့်စုံမည်။ သို့မှသာလျှင် မှန်ကန်သော အမြင်ကို ရနိုင်ပေမည်။

"ကံဆိုတာ အလုပ်ပဲ၊ အလုပ်လုပ်ရင် ဖြစ်ရမည်၊ တကယ်လုပ်ရင် အဟုတ်ဖြစ်ရမည်"ဟူသော စကားသံများကို ယခင်ခေတ်က မကြာခဏ ကြားရမည်။ "လုပ်ရင် ဖြစ်ရမယ်၊ ဘာလို့ မဖြစ်ရမှာလဲ"ဟူသော ကြုံးဝါးသံသည် အားရစရာ ဖြစ်ကောင်းဖြစ်မည်။ သို့သော် "လုပ်တိုင်း မဖြစ်" ဟူသော အချက်ကို လျစ်လျူရှု၍ မရပေ။ ယုံကြည်ရမည်မှာ ကံ-ကံ၏အကျိုးကို ယုံကြည်သည် ဟူ၍ပင်။ တစ်နည်းဆိုလျှင် ကံစီမံရာကို လက်ခံသည်ဟူ၍ ဖြစ်သည်။

အကောင်းလုပ်ရမည်။ အဆိုးကို မလုပ်ဘဲ ရှောင်ကြဉ်ရမည် ဟူသော အဆုံးအမကို ခံယူကြရသော ဗုဒ္ဓဘာသာဝင်တို့သည် ကောင်း

mgyoe.com

သော အလုပ်ဟူသည့် ကုသိုလ်ကံကို ပြုရမည်။ မကောင်းသော အလုပ်ဟူသည့် အကုသိုလ်ကံကို မလုပ်ဖြစ်အောင် ရှောင်ကြဉ် ထိန်းချုပ်ရမည်ပင်။ ယင်းသို့ပြုခြင်းသည် ကုသိုလ်ကံ၏ အင်အားကောင်းသည်ထက်ကောင်းအောင် ကြိုးစားဆောင်ရွက်၍ အကုသိုလ်မဖြစ်စေရန် စောင့်ထိန်းရပေလိမ့်မည်။ ဗုဒ္ဓဘာသာဝင် အစစ်တို့သည် "ကံ–ကံ၏အကျိုး" ဟူသော သဘောတရားကို လက်ခံ၍ ယုံကြည်ကြလေသည်။

ယခင်ခေတ်တွင် ဘာသာမဲ့ နိုင်ငံရေးဝါဒ ကြီးစိုးသည့် နေရာများ ရှိခဲ့သည်။ ယင်းဝါဒသည် ကျွန်တော်တို့နိုင်ငံသို့ ရောက်လာခဲ့လေသည်။ လူရွယ်လူငယ်တို့သည် ထိုဝါဒ၏ ပယောဂ စွဲကပ်ခံရသည့်အလျောက် ကြီးမားသော အပြစ်များ ပြုခဲ့ကြသည်။ ထို့ကြောင့် မြန်မာပြည် တစ်ဝန်းလုံးတွင် လူတွေ သေကျေကြ၊ ပစ္စည်းတွေ ပျက်စီးကြဖြင့် ကြီးစွာသော ဆိုးကျိုးကို ခံယူခဲ့ကြရသည်။

ယင်းဝါဒသည် ယခုခေတ်တွင် ဆိတ်သုဉ်းသလောက် ရှိသွားလေပြီ။ သို့သော် ကံ–ကံ၏အကျိုးကို သဘောမပေါက်ဘဲ အစွဲမှားနေသော လူငယ်လူလတ် အချို့ ရှိနေသေးသည်ကို တွေ့ရလေသေးသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့တွင် ကံယုံသည်၊ မယုံဟူသော အချက်ခွဲပြတ်သားစွာ ကြည်ကြည်လင်လင် မြင်နိုင်ရေးသည် အရေးကြီးလှသော အရေး ဖြစ်သည်။

ယခုအခါ စီးပွားတက်နေသော လူငယ်လူရွယ်တို့သည် အတော်အတန်ရှိနေကြသည်။ သူတို့အထဲတွင် ကံမယုံသူများနှင့် ကံယုံချင်သူများကို ကံကို ယုံရ၊ မယုံရ ဟူသော မပြတ်သားသူများ ရှိနေကြောင်း တွေ့ရသည်။ သူတို့သည် ဉာဏ်နှင့် ဝီရိယတို့ ပြည့်စုံတန်သလောက် ပြည့်စုံကြသည်။ လူတော်များဖြစ်သည်ဟု ဆိုနိုင်ပေသည်။ သူတို့ကို သူတို့၏ လုပ်ငန်းအောင်မြင်ခြင်းက တွန်းအားပေးသဖြင့် လောဘဇော